ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

နေ့စွဲ။ ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊

## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ (၃၆) နှစ်မြောက် ပါတီထူထောင်ခြင်း အထိမ်းအမှတ် သို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ပေးပို့သော သဝဏ်လွှာ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်နေ့တွင် ကျရောက်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ထူထောင်ခြင်း (၃၆)နှစ်မြောက် အခါသမယတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်များ၊ ပါတီဝင်များ၊ ရဲဘော်ရဲဘက်များ အားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာ ပို့သအပ်ပါသည်။

DPNS သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် ခေတ်ကာလတောင်းဆိုမှုအရ ၁၉၈၈ ခုနှစ်၊ ၈၈၈၈ ရှစ်လေးလုံး နိုင်ငံအဂှမ်း လူထုဒီမိုကရေစီ အရေးတော်ပုံကြီးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ပါတီနိုင်ငံရေး ပလက်ဖောင်းမှ မိမိရည်မှန်းချက်နှင့် မူဝါဒများကို ဆုတ်ကိုင်ကာ တစိုက်မတ်မတ် တိုက်ပွဲဝင်ခဲ့ပြီး မပြီးဆုံးသေးသော သမိုင်း ပေးတာဝန်များအား မျိုးဆက်သစ်များနှင့်အတူ တော်လှန်ရေးအတွက် စုစည်းမှု၊ တော်လှန်ရေး၏ ညီညွတ်မှု၊ တော်လှန်ရေး၏ ဒီရေမြင့်မှုတို့ကို ပုံဖော်သင်္ကေတပြုရင်း ဆက်လက်သယ်ဆောင် တိုက်ပွဲဝင်နေသည်ကို တွေ့ရသည့်အတွက် မိမိတို့ KNU အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

DPNS သည် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအလွန်တွင် ၈၈ စစ်အာဏာသိမ်း ဗိုလ်ချုပ်ကြီးစောမောင်မှ ရွေးကောက်ပွဲအနိုင်ရသည့်ပါတီကို အာဏာလွှဲပေးပြီး စစ်တပ်မှ စစ်တန်းလျားပြန်မည်ဟု ကတိပေးထားမှုကို သန်းရွှေ မှ လက်မခံဘဲ စောမောင်ထံမှ အာဏာကိုသိမ်းယူလိုက်ပြီးနောက် ၁၉၉၁ ခုနှစ်တွင် ကရင်တော်လှန်ရေးနယ်မြေသို့ ရောက်ရှိ လာခဲ့ပြီး KNU ၏ မိတ်ဖက်အဖွဲ့အစည်းတခုအဖြစ် ရပ်တည်ကာ ပြည်သူတို့၏ လိုလားသော ဒီမိုကရေစီရရှိရေးအတွက် အာဏာရှင်စနစ်တိုက်ဖျက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ရည်မှန်းချက် ပန်းတိုင် အောက်မှ စုဖွဲ့လာသည့် နိုင်ငံရေးလှုပ်ရှားမှုအသီးသီးတို့ထဲတွင် အခက်အခဲအကြပ်အတည်းပေါင်း မြောက်များစွာကို အန်တု ရင်ဆိုင်ကျော်ဖြတ်ရင်း တက်ကြွစွာပါဝင်ခဲ့သည့် တော်လှန်ရေးသမိုင်းမှတ်တိုင်တခုကိုလည်း စိုက်ထူခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ဆက်လက်၍လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ(၁)ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းယူခဲ့သည်ကို လုံးဝ လက်မခံနိုင်သည့် နွေဦးလူငယ်မျိုးဆက်သစ်များနှင့်အတူ မြန်မာနိုင်ငံတွင် မည်သို့သောအာဏာရှင်စနစ်မှ လုံးဝ မရှိစေရ ဆိုသည့် အာဏာရှင်ချုပ်ငြိမ်းရေးအတွက် နွေဦးတော်လှန်ရေးတွင်လည်း အခက်အခဲမျိုးစုံကြားမှ ဦးဆောင်မှုအခန်းကဏ္ဍ တို့တွင် တက်ကြွစွာ ဆက်လက်ပါဝင် တိုက်ပွဲဝင်နေသည့် သမိုင်းဖြတ်သန်းမှုကိုလည်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်း အရုံး မှ လေးစားအသိအမှတ်ပြုလျက် မော်ကွန်းတင်အပ်ပါသည်။

DPNS ၏ (၃၆)နှစ်တာ ကာလအတွင်း အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရှုန်းကန်မှုတိုက်ပွဲတလျှောက် ဘဝနှင့်အသက်ပေါင်းများစွာကို ပေးဆပ်သွားကြသည့် တိုက်ပွဲဝင် များတို့အား ဦးညွတ်ဂုဏ်ပြုလျှက် တိုင်းရင်းသားပြည်သူလူထုမှ လိုလားသည့် စစ်အာဏာရှင်စနစ် အပါအဝင်၊ မည်သည့် အာဏာရှင် စနစ်များမဆို ချုပ်ငြိမ်းပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် မပြီးဆုံးသေးသည့် တော်လှန်ရေးတွင် မိမိတို့ဘဝတူ တော်လှန်ရေးအင်အားစုများနှင့်အတူ၊ အတူတကွ ဆက်လက်တိုက်ပွဲဝင်သွားပါရန်ကိုလည်း တိုက်တွန်းရင်း ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ် ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး